# တန်းဘာမြို့ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်ရေး အခြေခံမူဝါဒ

တန်းဘာမြို့မှာ နေထိုင်တဲ့ နိုင်ငံခြားသားတွေ တစ်နှစ်ထက်တစ်နှစ် များလာနေပြီး အခြေချနေထိုင်မှုလည်း တိုးလာနေပါတယ်။ ဒီအတွက်ကြောင့် ရပ်ရွာ၊ ကျောင်း၊ အလုပ်ခွင် စတဲ့ နေရာအမျိုးမျိုးမှာ အဆင်မပြေမှုတွေရှိလာနေပြီး မြို့နေနိုင်ငံခြားသားတွေကို ယာယီနေထိုင်သူအဖြစ်သာမက “အသက်မွေးနေထိုင်သူ” အဖြစ် သဘောထားရှုမြင်ဖို့ အရေးပါလာနေပါတယ်။

တန်းဘာမြို့အနေနဲ့ “တန်းဘာမြို့ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်ရေး အခြေခံမူဝါဒ” ကိုမူတည်ပြီး “မြို့နေနိုင်ငံခြားသားများ စိတ်ချစွာ နေထိုင်လှုပ်ရှားပြီး ရပ်ရွာ၏ အဖွဲ့ဝင်အဖြစ် အပြန်အလှန်ဖေးမကူညီသော လူတိုင်းအဆင်ပြေပြေနေနိုင်သည့် တန်းဘာမြို့” ဆိုတာကို ရည်မှန်း ကြိုးပမ်းသွားပါမယ်။

## တန်းဘာမြို့ မြို့နေနိုင်ငံခြားသားများဆိုင်ရာ လက်ရှိအနေအထား

**【ပြည်ပနိုင်ငံသား မြို့နေနိုင်ငံခြားသားဦးရေပြောင်းလဲလာမှု】**

နှစ်စဉ် မတ်လကုန်တွင် တန်းဘာမြို့ နေထိုင်သူအခြေခံစာရင်းအရ


၁၀နှစ်အတွင်း ၂ ဆခန့် တိုးလာ!





| | 2014.3.31 | 2015.3.31 | 2016.3.31 | 2017.3.31 | 2018.3.31 | 2019.3.31 | 2020.3.31 | 2021.3.31 | 2022.3.31 | 2023.3.31 | 2024.3.31 |
|---|---|---|---|---|---|---|---|---|---|---|---|
| ဦးရေ | 641 | 686 | 706 | 753 | 827 | 938 | 1,013 | 989 | 926 | 1,104 | 1,276 |
| အချိုး | 0.9% | 1.0% | 1.1% | 1.1% | 1.3% | 1.5% | 1.6% | 1.6% | 1.5% | 1.8% | 2.1% |

ဦးရေရော အချိုးအစားပါ ဆက်တိုက်တိုးနေပြီး အခုအခါ တန်းဘာမြို့ လူဦးရေရဲ့ ၂ % ကျော်ဟာ မြို့နေနိုင်ငံခြားသားတွေ ဖြစ်ပါတယ်။

**【နိုင်ငံသား/နေထိုင်ခွင့် အလိုက် လူဦးရေ】** ၂၀၂၄ခုနှစ် မတ်လကုန်တွင် တန်းဘာမြို့ နေထိုင်သူအခြေခံစာရင်းအရ




လူဦးရေပမာဏက အစဉ်အတိုင်း ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်တို့ဖြစ်ပြီး အများဆုံးဖြစ်တဲ့ ဗီယက်နမ်ဟာ စုစုပေါင်းရဲ့ ၄၄.၆% ရှိနေပါတယ်။ နည်းပညာ/ သိပ္ပံဝိဇ္ဇာဘာသာရပ်/ အပြည်ပြည်ဆိုင်ရာတာဝန်၊ အထူးကျွမ်းကျင်လုပ်သားစတဲ့ အလုပ်လုပ်ကိုင်ခွင့်အမျိုးအစားတွေက များပါတယ်။

## စစ်တမ်းရလဒ်အရ တွေ့မြင်ရတဲ့ လက်ရှိပြဿနာများ


စစ်တမ်းရလဒ်ကို QR ကုတ်ကနေ ကြည့်ရှုနိုင်ပါတယ် ↓

**【နိုင်ငံခြားသား၏လူ့အခွင့်အရေး】** ဖြေဆိုသူ ၃၀%ကျော်က မြို့နေနိုင်ငံခြားသားတွေအပေါ် နှိမ်ချခွဲခြားမှုကို မြင်ဖူးကြားဖူးတယ်လို့ ဖြေပါတယ်။

**【နေထိုင်မှု】** မြို့နေနိုင်ငံခြားသားတွေရဲ့ နေထိုင်မှုအခက်အခဲအဖြစ် **“လိုအပ်တဲ့အချက်အလက်မရခြင်း”** **“ဂျပန်စကားနဲ့ပြောဆိုဆက်ဆံမှု”** တွေက များပါတယ်။

**【ဂျပန်ဘာသာစွမ်းရည်】** မြို့နေနိုင်ငံခြားသားတွေရဲ့ ဂျပန်ဘာသာစွမ်းရည် (နားထောင်မှု၊ ပြောဆိုမှု) မှာ **“စကားလုံးပဲနားလည်တယ်”** **က အများဆုံးဖြစ်ပြီး၊ ဒုတိယက “နေ့စဉ်သုံးစကားနားလည်တယ်”** ဖြစ်ပါတယ်။

**【ရပ်ရွာနှင့်ဆက်နွယ်မှု】** မြို့နေပြည်သူ ၇၀ %ကျော်က **“မြို့နေနိုင်ငံခြားသားတွေနဲ့ကြားမှာ အတားအဆီးရှိနေတယ်”** လို့ဖြေကြပါတယ်။ **“အကြီးမားဆုံး အတား အဆီးက “ဘာသာစကားကွဲပြားမှု”** ဖြစ်တယ်လို့ ခံစားနေကြပါတယ်။



**အနေအထားအမျိုးမျိုးအတွက် မျှော်မှန်းချက်အသွင်အပြင်**

— အခြေခံသဘောထား (မျှော်မှန်းချက်ပုံစံ) —

## မြို့နေနိုင်ငံခြားသားများ စိတ်ချစွာနေထိုင်လုပ်ရှားပြီး ရပ်ရွာ၏အဖွဲ့ဝင်အဖြစ် အပြန်အလှန်ဖေးမကူညီသော လူတိုင်းအဆင်ပြေပြေနေနိုင်သည့် တန်းဘာမြို့

**【ရပ်ရွာ】** မြို့နေနိုင်ငံခြားသားနဲ့ ဂျပန်လူမျိုး မြို့နေပြည်သူတွေ ကူးလူးဆက်ဆံ၊ အပြန်အလှန် နားလည်မှုနက်ရှိုင်းကာ ဖေးမကူညီ နေထိုင်မယ်။ ဒါ့အပြင် မြို့နေနိုင်ငံခြားသားတွေက ရပ်ရွာအဖွဲ့ဝင်အဖြစ် လှုပ်ရှားနေပါတယ်။

**【ကျောင်း】** ကလေးအားလုံး တစ်ဦးနဲ့တစ်ဦး ကွဲပြားမှုကို အသိအမှတ်ပြု၊ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှုစိတ်ထားကို ခိုင်မာစေမယ်။ ဒါ့အပြင် နိုင်ငံခြားအနွယ်ကလေးတွေ ကိုယ်ပိုင်မူဟန်နဲ့ လုံလုံခြုံခြုံ ပညာသင်ကြားနေပါတယ်။

**【အလုပ်】** ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေကွဲပြားတာကို ထည့်သွင်းစဉ်းစားထားတဲ့ အလုပ်ခွင်ဖော်ဆောင်မှု တိုးလာနေပြီး မြို့နေနိုင်ငံခြားသားတွေက စွမ်းရည်တွေကို ကောင်းကောင်းအသုံးချပြီး လှုပ်ရှားနေကြပါတယ်။

**【လူထုဝန်ဆောင်မှု/အခွင့်အလမ်း】** မြို့နေနိုင်ငံခြားသားတွေက ဘာသာစကားအခက်အခဲမရှိဘဲ လူထုဝန်ဆောင်မှုနဲ့ အစိုးရသတင်းအချက်အလက်တွေ ရရှိနိုင်ပါတယ်။ ဒါ့အပြင် မြို့နေပြည်သူတွေအတွက် ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှုစိတ်ဓာတ်နဲ့ နိုင်ငံတကာဆိုင်ရာ နားလည်မှု နက်ရှိုင်းစေရေး အခွင့်အလမ်းတွေ အများအပြားရှိနေပါတယ်။

## စီမံချက်မူဝါဒ

### လူ့အခွင့်အရေးလေးစားမှု

မြို့နေပြည်သူတစ်ဦးချင်းရဲ့ လူ့အခွင့်အရေးကို ထိန်းသိမ်းထားပြီး ပျော်ရွှင်စွာနေထိုင်နိုင်တဲ့ လူ့ဘောင်ပေါ်ထွန်းရေးကို ရည်မှန်းကာ နှိမ်ချခွဲခြားမှုကင်းမဲ့ရေး လမ်းညွှန်ပညာပေးမှု လုပ်ဆောင်မယ်။

**စီမံချက် နမူနာ**

- ဆွေးနွေးပွဲနဲ့ အစုအဖွဲ့ပြပွဲအစရှိတဲ့ လှုံ့ဆော်ရေးလှုပ်ရှားမှု
- ရပ်ရွာ၊ ကျောင်း၊ အလုပ်ခွင်တွေအပါအဝင် နေရာတိုင်းမှာ လူ့အခွင့်အရေး အသိပညာပေးမှု

### လူနေမှုအထောက်အပံ့

မြို့နေနိုင်ငံခြားသားတွေ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ဖို့ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံစတဲ့ ကွဲပြားမှုတွေကို ပိုမို နက်နက်ရှိုင်းရှိုင်း သိရှိနားလည်ပြီး မြို့နေနိုင်ငံခြားသားတွေနဲ့ ကိုက်ညီတဲ့ အစီအမံတွေ လုပ်ဆောင်ရင်း လူနေမှုဘဝကို အားပေးမယ်။

**စီမံချက် နမူနာ**

- လွယ်ကူတဲ့ဂျပန်ဘာသာနဲ့ရေးထားတဲ့ လူနေမှု လမ်းညွှန်စာအုပ် ပြုစု၊ ဖြန့်ဝေမှု
- မွမ်းမံသင်တန်းတွေပေးပြီး နိုင်ငံခြားသား တိုင်ပင်မှု တုံ့ပြန်ရေး စွမ်းရည် မြှင့်တင်ခြင်း

### လူမှုဆက်ဆံရေးအထောက်အပံ့

ဂျပန်စကားစတဲ့ အခက်အခဲရှိနေတဲ့ မြို့နေနိုင်ငံခြားသားအတွက် လူမှုဆက်ဆံရေး ထောက်ပံ့မှုပေးပါမယ်။ ဒါ့အပြင်၊ ဂျပန်ဘာသာ သင်ယူရေး လိုအပ်နေတဲ့ မြို့နေနိုင်ငံခြားသားတွေ သင်ယူရေး အခွင့်အလမ်းရရှိစေဖို့ ရပ်ရွာထဲမှာ ဂျပန်ဘာသာစကား သင်ကြားမှုကို အားပေးမယ်။

**စီမံချက် နမူနာ**

- တက်ဘလက်စက်နဲ့ စကားပြန်စနစ် အသုံးချမှု
- ဂျပန်ဘာသာသင်တန်းသစ် ဖွင့်လှစ်မှုစတဲ့တိုးချဲ့မှု၊ ဂျပန်ဘာသာ သင်ယူရေး ထောက်ပံ့ကူညီသူတွေကို ပျိုးထောင်ခြင်း

### ဒေသတွင်းယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှုလှုံ့ဆော်ရေး

တစ်ရပ်ရွာတည်းနေ အဖွဲ့ဝင်အဖြစ် အပြန်အလှန်လေးစားကာ မြို့နေနိုင်ငံခြားသားက "အသက်မွေးနေထိုင်သူ"အဖြစ် ရပ်ရွာအသိုင်းအဝန်းတွင် ပါဝင်နိုင်ရန် ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှုစိတ်ဓာတ်ကို လှုံ့ဆော်ရင်း မြို့နေနိုင်ငံခြားသားများနှင့်အတူ လက်တွဲလုပ်ဆောင်သည့် ရပ်ရွာလှုပ်ရှားမှုကို အားပေးမည်။

**စီမံချက် နမူနာ**

- မြို့နေနိုင်ငံခြားသားနဲ့ ဂျပန်ပြည်သူတွေရဲ့ ကူးလူးဆက်ဆံရေး ပွဲလမ်းတွေကျင်းပခြင်း
- မြို့နေနိုင်ငံခြားသား၊ ရပ်ရွာ၊ မြို့တွင်းစီးပွားရေးလုပ်ငန်း စတာတွေရဲ့ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှုကွန်ရက် ဖန်တီးခြင်း

## တန်းဘာမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအဖွဲ့ကို သိပါသလား?

တန်းဘာမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအဖွဲ့ဟာ လူနေမှု တိုင်ပင်ဆွေးနွေးရေး၊ ဂျပန်ယဉ်ကျေးမှုအတွေ့အကြုံပွဲလမ်း၊ ဂျပန်ဘာသာသင်တန်းဖွင့်လှစ်မှုစတဲ့ မြို့နေနိုင်ငံခြားသားတွေ စိတ်အေးချမ်းသာနေထိုင်နိုင်ရေး ကူညီနေပါတယ်။ တန်းဘာမြို့မှာ အတူနေတဲ့ မြို့သူမြို့သားတွေအဖြစ် အားလုံး အပြန်အလှန် ဖေးမကူညီမယ်ဆိုတဲ့ စိတ်ဓာတ်ကို အလေးထားသွားကြပါစို့။

ညာဘက် QR ကုတ်ကနေ တန်းဘာမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအဖွဲ့ရဲ့လှုပ်ရှားမှုကိုကြည့်နိုင်ပါတယ်။

丹波市国際交流協会



ခါစုဂါ ဂျပန်ဘာသာသင်တန်းက မြင်ကွင်း



ဂျပန်ယဉ်ကျေးမှုအတွေ့အကြုံရယူရေးပွဲတစ်ခုက မြင်ကွင်း

"ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှု" အဓိပ္ပာယ်ဖွင့်ဆိုချက်

နိုင်ငံသားနှင့်လူမျိုးစသည်ဖြင့် မတူကြသူများက တစ်ဦးပေါ်တစ်ဦး ယဉ်ကျေးမှုအရကွဲပြားမှုကို အသိအမှတ်ပြု၊ တန်းတူညီမျှဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းရင်း ရပ်ရွာလူ့ဘောင်အဖွဲ့ဝင်အဖြစ် အတူယှဉ်တွဲ နေထိုင်မှု။ (ပြည်ထဲရေးဝန်ကြီးဌာန - "ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်မှုလှုံ့ဆော်ရေးဆိုင်ရာ သုတေသနအစီရင်ခံစာ"မှ)

"မြို့နေနိုင်ငံခြားသား" အဓိပ္ပာယ်ဖွင့်ဆိုချက်

မြို့တွင်နေထိုင်သောနိုင်ငံခြားသား၊ နိုင်ငံခြားဇာစ်မြစ်ရှိသူ မြို့နေပြည်သူကို "မြို့နေနိုင်ငံခြားသား"ဟု သုံးစွဲသည်။

တန်းဘာမြို့ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်ရေး အခြေခံမူဝါဒ အပြည့်အစုံကို ညာဘက်မှာပြထားတဲ့ QR ကုတ်ကနေ ကြည့်ရှုနိုင်ပါတယ်။

丹波市多文化共生推進基本方針

ထုတ်ဝေသူ - တန်းဘာမြို့ မြို့ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ လူ့အခွင့်အရေးအသိပညာပေးစင်တာ